တောင်လယ်ကန်ကျေးရွာ

အေးချမ်းသာကျေးရွာအုပ်စု

တောင်သာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်လယ်ကန်ကျေးရွာ၊တောင်သာမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

မာတိကာ ၂

၁.တောင်သာမြို့နယ်၊အေးချမ်းသာကျေးရွာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏
သယံဇာတမြေပုံ ၃

၂. တောင်သာမြို့နယ်၊အေးချမ်းသာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန် ၄

၃. တောင်သာမြို့နယ်၊အေးချမ်းသာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏ကျေးရွာတွင်း၊
ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. တောင်သာမြို့နယ်၊အေးချမ်းသာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု
အခြေအနေများ

၄.က။တည်နေရာနှင့်ပထဝီအနေအထား ၆

၄.ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇

၄.ဃ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၈

၄.င။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ ၈

၄.စ။ပညာရေး ၉

၄.ဆ။ကျန်းမာရေး ၁၀

၄.ဇ။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

၄.ဈ။ကျား–မရေးရာ ၁၁

၅.ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၂

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၃
- နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄
- နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၆၁

၁. တောင်သာမြို့နယ်၊အေးချမ်းသာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏သယံဇာတပြမြေပုံ


တောင်သာမြို့နယ်၊ အေးချမ်းသာအုပ်စု၊ တောင်လယ်ကန်ကျေးရွာ သယံဇာတပြမြေပုံ
မ
အိမ်
ယာခင်း
စက်ရေတွင်း
ဘုန်းကြီးကျောင်း
စာသင်ကျောင်း
ရေချမ်းစင်
သုသာန်

၂. တောင်သာမြို့နယ်၊အေးချမ်းသာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏ရာသီခွင်ပြပြကွဒိန်



၃. တောင်သာမြို့နယ်၊အေးချမ်းသာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



၄.တောင်သာမြို့နယ်၊အေးချမ်းသာအုပ်စု၊တောင်လယ်ကန်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။တည်နေရာနှင့်ပထဝီအနေအထား

တောင်လယ်ကန်ကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သောကျေးရွာတစ်ရွာဖြစ်ပြီး တောင်သာမြို့၏ အနောက်တောင်ဘက် (၁၆)မိုင်ခန့်တွင်တည်ရှိ ပါသည်။ကျေးရွာ၏အရှေ့ဘက်တွင်ချောင်းဆုံကျေးရွာ၊အနောက်ဘက်တွင်ရွှေပြည်သစ်ကျေးရွာနှင့် အောင်ဇေဖြိုးကျေးရွာ၊ တောင်ဘက်တွင်မုံရိုးကျေးရွာနှင့်မြောက်ဘက်တွင်အေးချမ်းသာကျေးရွာတို့ နှင့်နယ်နိမိတ်ချင်းထိကပ်လျက်ရှိသည်။တောင်လယ်ကန်ကျေးရွာ၏အကျယ်အဝန်းမှာ(၃၄)ဧကခန့် ကျယ်ဝန်းပြီးအနီးဆုံးမြို့မှာ တောင်သာမြို့ဖြစ်ပါသည်။ တောင်လယ်ကန်ကျေးရွာသည်ဝဲလောင်-သာယာမြိုင်-အေးချမ်းသာကျေးလက်မြေသားလမ်း(၄)မိုင်ခန့်ဖြစ်ပြီး ဝဲလောင်-တောင်သာလမ်းမှာ ကတ္တရာလမ်း(၁၂)မိုင်ဖြစ်ပါသည်။ကတ္တရာလမ်းမှာရာသီမရွေးသွားလာနိုင်သော်လည်း၊ ကျေးလက်မြေသားလမ်းမှာမိုးရာသီတွင်သွားလာမှုခက်ခဲပါသည်။ တောင်လယ်ကန်ကျေးရွာသည်စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်သောကျေးရွာတစ်ရွာဖြစ်ပြီးကျေးရွာပတ်ဝန်းကျင်ရှိယာမြေများမှာမြေဆီမြေဩဇာကောင်းသောယာမြေများဖြစ်ပါသည်။

၄.ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

တောင်လယ်ကန်ကျေးရွာ၏ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့်နွေရာသီတွင်အပူချိန် ၄၀°C အမြင့်ဆုံးရှိပြီးအနိမ့်ဆုံးအပူချိန်မှာ၃၂°C ရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်မှုနည်းပါးပါသည်။ယာမြေ (၈၁၃) ဧကရှိပါသည်။ စိုက်ပျိုးရေအတွက်မိုးရွာသွန်းမှု ကိုမှီခို၍စိုက်ပျိုးကြသည်။တခါတရံမိုးရွာသွန်းမှုမညီမျှမှုနှင့် ရင်ဆိုင်ကြရသည်။ ကျေးရွာရှိယာမြေများတွင်မြေပဲနှင့်နှမ်းကိုအဓိကထားစိုက်ပျိုးကြပါသည်။သဘာဝအရင်းအမြစ်များမရှိပဲဆေးဖက်ဝင်အပင်များအဖြစ် ဆင်တုံးမန္တယ်၊တောရှောက်မြစ်၊ရှားဇောင်းလက်ပတ်ပင်များအတော်အသင့်ရှိပါသည်။

၄.ဂ။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

တောင်လယ်ကန်ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့ရှိသည်။၄င်းအဖွဲ့အစည်းများသည်၄င်းတို့၏အခန်းကဏ္ဍအလိုက်သက်ဆိုင်ရာတာဝန်များကိုထမ်းဆောင်လျက်ရှိသည်။ကျေးရွာရှိ

အဆိုပါအဖွဲ့အစည်းများမှာအပြန်အလှန်ယုံကြည်မှု၊တာဝန်ယူမှု၊တာဝန်ခံမှုအပြည့်ရှိကြသည်။တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီးအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

တောင်လယ်ကန်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင်စာသင်ကျောင်း၏အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊သာရေးနာရေးလုပ်ငန်းများတွင်သုံးစွဲနိုင်ရန်အတွက်ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍စီမံခန့်ခွဲစေခြင်း၊လူငယ်အဖွဲ့များ၊အမျိုးသမီးအဖွဲ့များမှစီမံခန့်ခွဲဦးဆောင်စေခြင်းစသော ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက်တာဝန်ပေးအပ်၍လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

တောင်လယ်ကန်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စုစုပေါင်းအိမ်ထောင်စု၏(၅၄.၅%) (၆၇အိမ်ထောင်စု)သည်စိုက်ပျိုးခြင်းကိုကိုယ်ပိုင်လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းကိုအဂျါးလုပ်ကိုင်သူများမှာအိမ်ထောင်စု၏(၁၅.၄%)(**၁၉**အိမ်ထောင်စု)ရှိနေသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု(၈၆)စုသည်စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထား လုပ်ကိုင်သူများဖြစ်ကြပြီး အခြားစီးပွားရေးအဖြစ်နိုင်ငံဝန်ထမ်းများ၊ ကုမ္ပဏီလုပ်ငန်းများ၊ တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း၊တောင်သူအဂျားများလုပ်ကိုင်ကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသောတောင်သူများအနေဖြင့် ယာမြေများမြေဆီမြေဩဇာကောင်းမွန်သော်လည်း မိုးရွာသွန်းမှုအပေါ်မှီခိုစိုက်ပျိုးရသည်ဖြစ်၍ရာသီဥတု ကောင်းမွန်သည့်အခါများတွင် အကျိုးအမြတ်များစွာရရှိပြီးရာသီဥတုဖောက်ပြန်သည့်အခါများတွင်အကျိုးအမြတ်နည်းခြင်း၊ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရတက်ပါသည်။

လက်သမား၊ပန်းရံနှင့်အခြားကျပန်းလုပ်ငန်းလုပ်ကိုင်ကျသူများမှာလည်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသောတောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများအကျိုးအမြတ်ရ၍

အဆင်ပြေလျှင်ငင်းတို့လည်း အလုပ်အကိုင်များရရှိ၍ဝင်ငွေကောင်းပြီးတောင်သူများသီးနှံဆုံးရှုံးမှု ရှိပါကအလုပ်အကိုင်ရှားပါးမှုနှင့်ရင်ဆိုင်ရတက်ပါသည်။

တောင်လယ်ကန်ကျေးရွာတွင် ဥစ္စာဓနအဆင့်ကိုအဆင့် ၄ ဆင့်ဖြင့် ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့်အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၁၆.၃%)၊အလယ်အလတ်ရှိသောမိသားစုမှာ(၆၁%)၊မပြေလည်သောအိမ်ထောင်စုမှာ(၂၀.၃%)နှင့်အ လွန်မပြေလည်သောအိမ်ထောင်စု(၂.၄%) ရှိပါသည်။ အလယ်အလတ်မိသားစုမှာ (၇၅)စု (၆၁%)ဖြစ်သောကြောင့်အိမ်ထောင်စုများ၏အများဆုံးအရေအတွက်ဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၃)စု (၂.၄%)ဖြစ်သည့်အတွက် အနည်းဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၄.၎အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ(လမ်းတံတား၊အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး)

တောင်လယ်ကန်ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အခြေခံပညာမူလတန်း ကျောင်းသာရှိပါသည်။ကျေးရွာတွင်အစည်းအဝေးပွဲများ၊ဌာနဆိုင်ရာအသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ရန်နှင့် ဘုရားပွဲတော်ရက်များနှင့် လစဉ်ဥပုသ်နေ့များတွင် ဓမ္မာစကြံ်ာတရားတော်များ ရွတ်ဖတ်ပူဇော်နိုင်ရန်အတွက်ကျေးရွာပိုင်ဓမ္မာရုံဆောက်လုပ်ရန်လိုအပ်လျက်ရှိပါသည်။

တောင်လယ်ကန်ကျေးရွာ၏ရွာတွင်းလမ်းများသည်မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင်ရေအိုင် ခြင်း၊ဗွက်ထခြင်း၊ဆိုင်ကယ်၊ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့်အဆင့်မြှင့်တင်ဖို့ရန်လို အပ်ပါသည်။

မီးလင်းရေးအခြေအနေမှာစုစုပေါင်းအိမ်ထောင်စု၏(၆၉.၁%)သည်ဆိုလာမီးကိုလည်းကောင်း၊(၁၂.၂%)သည် ဖယောင်းတိုင်မီး၊ ဓါတ်ခဲမီးအိမ်ကိုလည်းကောင်း အသုံးပြုနေကြပါသည်။တစ်ချို့ အိမ်ထောင်စုများဖြစ်သော ၂၃အိမ်(စုပေါင်းအိမ်ထောင်စု၏၁၈.၇%)ခန့် သည်မီးသုံးစွဲနိုင်မှုမရှိပါ။ ကျေးရွာဘေးတွင်မြစ်မရှိသဖြင့်မည်သည့် ရေကြောင်းသယ်ယူပို့ဆောင်မှုများမှမရှိပါ။ အခြားသော သယ်ယူပို့ဆောင်ရေးယာဉ်များကို ဇယားတွင်ဖော်ပြထားပါသည်။ ဆိုင်ကယ်(၆၄)စီး မှာသယ်ယူ ပို့ဆောင်ရေးဝန်တင်အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့်ကား(၂)စီး လယ်ယာလုပ်ငန်းများတွင်

ထွန်ယက်ရန်အတွက် နွားလှည်း(၈၉)စီး ရှိပါသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက်ဆိုလာမီးရှိသောအိမ်များမှတီဗွီများသွားရောက်ကြည့်ရှုခြင်း၊ ရေဒီယိုနားထောင်ခြင်းများမှ ရရှိပါသည်။

၄.၈။ပညာရေး

တောင်လယ်ကန်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများမူလတန်းပညာကိုကျေးရွာတွင် သင်ကြားခွင့်ရရှိပါသည်။ ကျေးရွာ၏စာတက်မြောက်မှု အနေဖြင်အခြေခံပညာမူလတန်းအဆင့်ထိ(၃၃၄)ဦးရှိပါသည်။ လက်ရှိစာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာစတုရန်းပေ(၃၆၀၀)ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာသင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများမှာလုံလောက်မှုမရှိပါ။ အလယ်တန်းပညာသင်ကြားရန် အတွက်တောင်လယ်ကန်ကျေးရွာနှင့် (၁)မိုင်ခန့်ဝေးသော အေးချမ်းသာကျေးရွာသို့လည်းကောင်း အထက်တန်းပညာ သင်ကြားရန်အတွက် တောင်လယ်ကန်ကျေးရွာနှင့် (၄)မိုင်ခန့် ကွာဝေးသော တလိုင်းရပ်ရွာသစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း သွားရောက် သင်ကြားနေရပါသည်။ ထိုဝေးကွာသောကျောင်းသို့သွားရောက်ရာတွင်တချို့ကျောင်းသား/သူများ၏မိဘများမှဆိုင်ကယ်များဖြင့်လည်းကောင်း၊ အဆင်မပြေသောမိသားစုများ၏သားသမီးများမှာမှု ခြေလျင်ဖြင့်လည်းကောင်း၊ တချို့ကျောင်းသားများမှာ အဆိုပါကျေးရွာတွင်ရှိ ဘော်ဒါများတွင် လည်းကောင်းနေထိုင်၍ပညာသင်ကြားကြပါသည်။ထို့ကြောင့်ထိုအခက်အခဲများကိုကျော်လွှားဖြေရှင်း နိုင်ရန်အတွက်နိုင်ငံတော်မှ အခြေခံပညာအလယ်တန်းအဆင့်သို့ အဆင့်တိုးမြှင့်၍ ပေးပါက ကျောင်းသား/သူများအလယ်တန်းပညာကို ကောင်းမွန်စွာသင်ကြားနိုင်မည်ဖြစ်ပါသည်။ကျေးရွာ၏ စာမတတ်သူဦးရေမှာစုစုပေါင်းလူဦးရေ၏ (၉.၀%)ဖြစ်ပြီးမူလတန်းပညာပြီးဆုံးသူမှာ (၅၆.၀%) ဖြစ်သောကြောင့် အများဆုံးရာနှုန်းဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ စာတတ်မြောက်မှုနှုန်းကိုခြုံ၍ ကြည့်ပါကမူလတန်းပညာပြီးဆုံးသူ(၅၆.၀%)၊အလယ်တန်းပညာပြီးဆုံးသူ(၁၆.၀%)၊အထက်တန်းပ ညာပြီးဆုံးသူ(၁၂.၀%)၊ တက္ကသိုလ်ပညာပြီးဆုံးသူ(၇.၀%)ဖြစ်သောကြောင့်ကျေးရွာတွင်စာတတ်

မြောက်မှုန္နန်းများခြင်းနှင့်ပညာရေးစိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီးလူငယ် လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ကျန်းမာရေး

တောင်လယ်ကန်ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပဲ ကျေးရွာသူ/ကျေးရွာသားများ၏ကျန်းမာရေးနှင့်ပတ်သက်၍ အေးချမ်းသာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဦးစီးဌာနခွဲသို့သွားရောက်ကုသရသည်။ကူးစက်ရောဂါဖြစ်ပွားသူမရှိပါ။ အများစုမှာကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံကလေးသူငယ်များမှာမသန့်ရှင်းသော အစားအသောက်များကိုစားသုံးမိခြင်းကြောင့်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ကျေးရွာပြည်သူများမှာ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်းတို့ဖြစ်ပေါ်တက်ပါသည်။ထိုအချိန်တွင်ကျန်းမာရေးဌာနမှအချိန်မှီလာရောက်ကုသမှုရှိ၍ကျန်းမာေးဗဟုသုတအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါသည်။ သို့သော်လည်းအရေးပေါ်ကိစ္စများတွင်ကျန်းမာရေး ဝန်ဆောင်မှုအချိန်မှီရရှိနိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပေးခြင်းပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ သောက်ရေသုံးရေအတွက်အဝီစိစက်တပ်တွင်းရှိသည့်အတွက်ရေအခက်အခဲမရှိပါ။ ကျေးရွာအိမ်ထောင်စုအများစုမှာ ယင်လုံအိမ်သာသုံးစွဲကြပါသည်။စုစုပေါင်းအိမ်ထောင်စု၏(၁၉.၅%)သည် အိမ်သာမရှိသူများဖြစ်ကြသည်။ ယင်လုံအိမ်သာမသုံးစွဲသောမိသားစုအချို့မှာဆင်းရဲသောမိသားစုများနှင့်ကျန်းမာရေးအသိမရှိသေးသောမိသားစုများသာဖြစ်ပါသည်။ ၎င်းတို့အားယင်လုံအိမ်သာသုံးစွဲခြင်းဖြင့် ကျန်းမာရေး၏အရေးကြီးပုံများကိုအသိပညာပေးခြင်းပြုလုပ်ပေးရန်လိုအပ်ပါသည်။

၄.ဇ။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်လယ်ကန်ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလပ်စတစ်အိတ်ခွံပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်

ဆောင်ရွက်ပေးသင့်သည်။ကျေးရွာတွင်တစ်ခါတစ်ရံအပူချိန်မြင့်မား၍မိုးခေါင်ခြင်းတို့ကြောင့်စိုက်ပျိုးေ
ရှားပါးမှုနှင့်ကြုံတွေ့ရပြီးလေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာ
ရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊
အစရှိသောဘေးအန္တရာယ်များလည်းဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ကျား – မရေးရာ

တောင်လယ်ကန်ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိ
သည်။ကျား-မရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများ
အရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်း
အကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား ၊အမျိုးသမီးများ
သည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျ
ပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများအရပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ
အမျိုးသမီးများသည်အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။

တောင်လယ်ကန်ကျေးရွာတွင်ကျားမ မရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ
တွင်ဥပုသ်နေ့များ၌ပဌာပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေးနာရေးများတွင်လည်းကူညီ
ဆောင်ရွက်ခြင်း၊ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး
လုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြပါသည်။ တောင်လယ်ကန်ကျေးရွာ
အမျိုးသမီးများမှာဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း ၊နာရေးများတွင်သံဝေဂ
အလင်္ကာများရွတ်ဆိုပို့ဆောင်ခြင်းကြောင့်ပညာရေး၊လူမှုရေး၊ကျန်းမာရေးလုပ်ငန်းများတွင်အမျိုးသားမ
ျားနှင့်တန်းတူရင်ဘောင်တန်း၍ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ပျမ်းမျှတစ်ရက်လုပ်အားခမှာ(၆၀၀၀/-)
ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသောလက်မှုပညာဖြင့်လုပ်ကိုင်ကြသော အမျိုးသားများ၏
ပျမ်းမျှတစ်ရက်လုပ်အားခမှာလည်း(၆၀၀၀/)ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင်လုပ်ကိုင်
ကြသောအမျိုးသမီးများ၏တစ်ရက်လုပ်အားလပျမ်းမျှမှာ(၅၀၀၀/)ကျပ်ရရှိပြီးအခြားဆောက်လုပ်ရေး
လုပ်ငန်းများဖြစ်သောပန်းရံ၊လက်သမား၊ကျပန်းလုပ်ငန်းများတွင်အမျိုးသားပျမ်းမျှ (၆၀၀၀/-)ကျပ်
နှင့်အမျိုးသမီးပျမ်းမျှ (၅၀၀၀/-) ကျပ်ရရှိကြသည်။

၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်	စီမံချက်အမည်	ဦးစားပေးအဆင့်
အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းလိုခြင်း	၁	ဆရာ/ဆရာမများနားနေဆောင် ဆောက်လုပ်လိုခြင်း	၁၁
ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းပေးလိုခြင်း	၂	ကုန်ထုတ်လမ်းများဖောက်လုပ်ပေးစေလိုခြင်း	၁၂
လျှပ်စစ်မီးရရှိလိုခြင်း	၃	မြေပဲနှုတ်ခွေစက်ဝယ်ယူလိုခြင်း	၁၃
လူမှုကူညီရေးကားဝယ်ယူလိုခြင်း	၄	တိရစ္ဆာန်ကာကွယ်ဆေးထိုးနှံပေးစေလိုခြင်း	၁၄
ကျေးရွာဓမ္မာရုံတည်ဆောက်လိုခြင်း	၅	ဘောလုံးကွင်းတည်ဆောက်လိုခြင်း	၁၅
ကျေးလက်ဆေးပေးခန်းတည်ဆောက်ပေးစေလိုခြင်း	၆		
အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးစေလိုခြင်း	၇		
ကျေးရွာစာကြည့်တိုက်တည်ဆောက်ပေးပါရန်	၈		
စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးစေလိုခြင်း	၉		
စာသင်ကျောင်းအုတ်တံတိုင်း ပေ(၃၅၀) အားအပြည့် ဆောင်ရွက်လိုခြင်း	၁၀		

နောက်ဆက်တွဲ (၁)

တောင်လယ်ကန်ကျေးရွာ၊အေးချမ်းသာကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ဆန်းလင်း	ဦးကျော်မြင့်	၉/တသန(နိုင်) ဝ၉၆၉၈၈	၄၀	ဥက္ကဋ္ဌ	ဝ၉-၂၅၈၆၂၇၉၉၂
၂	ဦးဇော်တိုး	ဦးလှသောင်း	၉/တသန(နိုင်) ၁၅၃၁၄၆	၃၁	အတွင်းရေးမှူး	ဝ၉-၇၇၃၁၇၄၅၄၆
၃	ဒေါ်ဆွေဆွေမြင့်	ဦးသန်းဆောင်	၉/တသန(နိုင်) ၁၅၇၃၀၅	၂၉	ဘဏ္ဍာရေးမှူး	ဝ၉-၉၇၁၂၁၈၇၉၁
၄	ဒေါ်သင်းသင်းခိုင်	ဦးဘိုမောင်	၉/တသန(နိုင်) ၁၄၀၈၂၂	၃၁	စာရင်းကိုင်	ဝ၉-၇၉၇၀၈၈၆၄၂
၅	ဦးကျော်စိုး	ဦးတာတီး	၉/တသန(နိုင်) ဝ၇၀၁၉၇	၄၇	သော့ကိုင်(၁)	ဝ၉-၇၉၄၂၆၀၁၈၃
၆	ဦးအောင်ကျော်စိုး	ဦးတင်ဆောင်	၉/တသန(နိုင်) ၁၈၁၆၁၄	၃၆	သော့ကိုင်(၂)	ဝ၉-၃၃၁၃၂၇၈၀
၇	ဦးသန်းစိုးအောင်	ဦးစိုးဝင်း	၉/တသန(နိုင်) ၁၆၀၁၉၉	၂၈	အဖွဲ့ဝင်	ဝ၉-၇၈၀၈၅၈၅၀၈
၈	ဦးကျော်ရဲအောင်	ဦးဝင်းဆွေ	၉/တသန(နိုင်) ၁၈၆၆၆၄	၂၆	အဖွဲ့ဝင်	ဝ၉-၇၇၄၅၅၆၇၆၃
၉	ဦးမောင်နိုင်	ဦးဆန်းလှ	၉/တသန(နိုင်) ၁၁၇၀၂၅	၄၀	အဖွဲ့ဝင်	ဝ၉-၉၅၁၁၁၂၅၈၃

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၆	၉
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၅	၁၀	၂၅
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၀	၂၂	၄၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၂၅	၅၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၉	၂၃၀	၄၂၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၄	၄၄	၆၈
စုစုပေါင်း		၂၉၁	၃၃၇	၆၂၈
စုစုပေါင်း အိမ်ထောင်စု		၁၂၃		

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ(၅)နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်(၁၀)နှစ်ပြည့်သည်မှ အသက်(၁၅) နှစ် မပြည့်မီအရွယ်၊ ၁၅နှစ် မှ ၆၄နှစ် ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၂၃)အိမ် ရှိ၍လူဦးရေ မှာကျား(၂၉၁)ဦး နှင့်မ(၃၃၇)ဦး၊ စုစုပေါင်း(၆၂၈)ဦးရှိပါသည်။ တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ မှာ(၅.၁)ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့် ယှဉ်လျှင်ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။ ၁ နှစ်အောက်ကလေးငယ် မှာ(၁.၄%)၊ ၁နှစ်မှ၄နှစ်အထိ(၄.၀%)၊ ၅နှစ်မှ၉နှစ်အထိ(၆.၇%)၊ ၁၀နှစ်မှ၁၄နှစ်အထိ(၈.၈%)၊ ၁၅ နှစ် မှ၆၄နှစ်အထိ(၆၈.၃%)နှင့်၆၅နှစ်နှင့် အထက်သက်ကြီးရွယ်အို (၁၀.၈%)ဖြစ်ပါသည်။၁၅နှစ် မှ ၆၄နှစ်အထိအလုပ်လုပ်နိုင်သည့်အရွယ် ရာခိုင်နှုန်းမှာ(၆၈.၃%)ဖြစ်သဖြင့် တောင်လယ်ကန်ကျေးရွာ တွင်အလုပ်လုပ်နိုင်သောလူဦးရေများရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်-ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၇	၁၈၃		မြင့် ☑လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၉	၄၃	၃	မြင့် ☐လတ်☑နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၇	၈၈		မြင့် ☐လတ်☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း			၃	မြင့် ☐လတ်☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐လတ်☐နိမ့် ☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐လတ်☐နိမ့် ☑
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် ☐လတ်☑နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐လတ်☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၁၁	လက်လီ–လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐လတ်☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐လတ်☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၄	မြင့် ☐လတ်☐နိမ့် ☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၄	မြင့် ☐လတ်☐နိမ့် ☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐လတ်☐နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် □လတ်□နိမ့် ☑
	စုစုပေါင်း				☒

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာသည်စိုက်ပျိုးရေးကိုသာအဓိကအားထားလုပ်ကိုင်ကျသောကျေးရွာဖြစ်ပြီး မွေးမြူရေးလုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ အခြားလုပ်ငန်းများမှာကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေးနှင့်ကုမ္ပဏီဝန်ထမ်းများဖြစ်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပါသည်။ အမျိုးသားများအတွက်အများဆုံးလုပ်အားခ (၆၀၀၀/-)နှင့် အမျိုးသမီးများအတွက် လုပ်အားခ(၅၀၀၀/-)ရရှိပြီးအမျိုးသားများအတွက် အနည်းဆုံးလုပ်အားခမှာလည်း(၅၀၀၀/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၄၀၀၀/)ရရှိပါသည်။နေ့တွက်လုပ်အားခများမှာအမျိုးသားများကပိုမိုရရှိကြသည်။လုပ်အားခရရှိမှုတွင်တန်းတူညီမျှမှုမရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈၁၃	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ဓနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၈၁၃	☒

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃)လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်ယာမြေဧက(၈၁၃)ဧကရှိပါသည်။ကျေးရွာအနီးတွင်ဆည်များမရှိသောကြောင့်လယ်မြေများ၊ဥယျာဉ်ခြံမြေများမရှိပဲယာမြေများသာရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☐ နည်း☐မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာအနီးတွင်သတ္ထုနှင့်အခြားတွင်းထွက်သယံဇာတများဖြစ်သည့်ဓါတ်ငွေ့၊ရေနံ၊ကျောက်မျက်၊သဲ၊ ကျောက်များမရှိပါ။ နွားစာအဖြစ်မြေပဲရိုး၊ပြောင်းရိုး ဆင်တုံးမန္တယ်၊တောရှောက်မြစ်၊ရှားစောင်းလက်ပတ်အပင်များကိုအတော်အသင့်တွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃၀၈က	၁၀၈က	၂က	-

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်အခြေအနေ	(၂)ထပ်တိုက်	(၁)ထပ်တိုက်၊ သွပ်မိုး	ထရံကာ/သွပ်မိုး	ထန်းရွက်မိုး/ ထန်းရွက်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	ပဲခွဲစက်၊ကားဆီစက်၊ ပဲခြွေစက်	ဆိုင်ကယ်၊နွားနွားလှည်း၊ ထွန်ထယ်	တံစဉ်၊ပေါက်ပြားဆိုင်ကယ်၊ဂေါ်	သံလက်၊တူ၊လွှ၊ ခါးမ
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး၊ မွေးမြူရေး	စိုက်ပျိုးရေး	မွေးမြူရေး	ကျပန်း
အိမ်ထောင်စု	၂၀	၇၅	၂၅	၃

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာသည်စိုက်ပျိုးရေးကိုအဓိကထားအသက်မွေးကြသောကျေးရွာဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုများမှာလည်း တောင်သူလယ်သမားကြီးများသာဖြစ်ပါသည်။ မပြေလည်သောအိမ်ထောင်စုများများမှာလည်း မြေဧကအနည်းငယ်ရှိသူများနှင့် မြေယာမဲ့များဖြစ်သည်။ဂင်းအိမ်ထောင်စုများမှလည်းတောင်သူကူလီများသာဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် –

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်		၃	၃
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၁		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြစ်နှစ်နှင့် အထက်သက်ကြီးရွယ်အိုမ(၃)ဦး ရှိပါသည်။ မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။ သို့သော်လည်းဆင်းရဲ၍ မီးသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၁၁)စုနှင့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၁)စုရှိပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဖိုက်ပျိုးရေ)	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ကျေးရွာသည် ပင်လယ်နှင့်မြစ်များမရှိသဖြင့် ရေကြီးခြင်း၊ ဆားငံရေဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှုနှင့်မီးဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။ဆောင်းရာသီတွင်ရာသီဥတုဖေါက်ပြန်ပါက အအေးလွန်ကဲပါသည်။တစ်ခါတစ်ရံငလျင်လှုပ်ခြင်းများရှိတက်ပါသည်။ မုန်တိုင်းတိုက်ခတ်မှုမရှိပဲ အခြားဒေသသို့မုန်တိုင်း တိုက်ခတ်ပါကမုန်တိုင်း၏ အရှိန်ကြောင့်မိုးရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်းများရှိပါသည်။ ကျေးရွာရှိယာမြေများမှာမိုးရွာသွန်းမှုအပေါ်မူတည်၍စိုက်ပျိုးရသော ကြောင့်ရံဖန်ရံခါမိုးခေါင်ခြင်းကြောင့်သီးနှံဆုံးရှုံးခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြော သောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လူငယ်အများစုသည်ငယ်ရွယ်သူများဖြစ်ခြင်း၊အမှန်အမှားကောင်းစွာမခွဲခြားနိုင်ခြင်း၊စိတ်လိုက်မာန်ပါလုပ်တက်ခြင်းများကြောင့်ထိခိုက်လွယ်မှုမြင့်မားသူများဖြစ်ပါသည်။ သို့သော်လည်းကျေးရွာတွင်ဆိုးရွားစွာထိခိုက်သက်ရောက်နိုင်မှုမရှိပါ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၃၀		၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၂	အမျိုးသမီးအဖွဲ့	၁☐၂☑၃☐		၂၀	၂၀	ပညာရေး ☐ကွေကြေး ☐ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☐ သင့် ☑ ညံ့ ☐
၃		၁☐၂☐၃☐				ပညာရေး ☐ကွေကြေး ☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☐ သင့် ☐ ညံ့ ☐
၄		၁☐၂☐၃☐				ပညာရေး ☐ကွေကြေး ☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☐ သင့် ☐ ညံ့ ☐

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်လူထုကိုယ်တိုင်ရွေးချယ်ဖွဲ့စည်းထားသောလူမှုအခြေပြုအဖွဲ့(၂)ဖွဲ့ရှိပြီး၊အပြန်အလှန်ယုံကြည်မှု၊တာဝန်ယူမှု၊တာဝန်ခံမှုအပြည့်ရှိကြသည်။ လူငယ်အဖွဲ့နှင့်အမျိုးသမီးအဖွဲ့ဖြစ်ပြီး လူငယ်အဖွဲ့တွင်ကျား(၃၀)နှင့်အမျိုးသမီးအဖွဲ့တွင်မ(၂၀)ဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာတွင်အခြားပရဟိတအဖွဲ့များ ဖွဲ့စည်းထားမှုမရှိ၍ ပရဟိတအဖွဲ့များ ဖွဲ့စည်းထားသင့်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missionsစသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmarစသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid,စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများနိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာ ထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်)တို့ကိုဤယေးတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။

။တောင်လယ်ကန်ကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပ အဖွဲ့အစည်း(၁)ဖွဲ့ရှိပါသည်။ ၄င်းအဖွဲ့မှကျေးရွာသို့ပုံမှန်အားဖြင့် (၁၀၀၀၀၀/-)ကျပ် ငွေချေးပေးပြီး (၁၄)ရက်တစ်ပတ်လျှင် (၉၂၀၀/-)ကျပ်ဖြင့်တစ်လ(၂)ကြိမ် (၂၅)ကြိမ်ပေးဆပ်ရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၇	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၉	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၄၉	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၂၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၃၀)စု၊ ၂.၅ဧကအောက်(၁၇)စု၊၂.၅ဧကမှ၅ဧကကြား(၉)စု၊၅ဧကမှ၁၂.၅ဧကကြား(၄၉)စုနှင့်(၁၂.၅)ဧကအထက်(၄၈)စု၊ စုစုပေါင်း(၁၂၃)စုရှိပါသူ(၄၉)စုရှိသဖြင့် တောင်သူကြီးအများဆုံးရှိပါသည်။ ကျေးရွာရှိစိုက်ပျိုးမြေမရှိ

သောမြေယာမဲ့များမှာလည်းတောင်သူကူလီများသာအများစုလုပ်ကိုင်ကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐
၅	အဝီစိတွင်း	အများပိုင်(၁)တွင်း	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာရှိတောင်သူများသည်စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှုအပေါ်မှီခိုခဲ့စိုက်ပျိုးကြသည်။သောက်ရေသုံးရေအားကျေးရွာရှိစက်ရေတွင်းမှရယူသုံးစွဲလျှက်ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
မြေပဲ	၅၀၀	တင်း	၂၀	၃၅	၂၇.၅	ဂ	၁၂	မြင့်□လတ်☑နိမ့်□	မြင့်☑လတ်□နိမ့်□
နှမ်း	၂၀၀	တင်း	၅	၁၀	ဂ.၅	၅	ဂ	မြင့်□လတ်☑နိမ့်□	မြင့်☑လတ်□နိမ့်□
ပြောင်း	၁၁၃	တင်း	၅	၂၀	၁၂.၅	ဂ	၁၂	မြင့်□လတ်☑နိမ့်□	မြင့်☑လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာရှိယာမြေများတွင်မြေပဲ၊နှမ်း၊ပြောင်းများအဓိကထားစိုက်ပျိုးကြပါသည်။သီးနှံများစိုက်ပျိုးရာတွင်မိုးရွာသွန်းမှုအပေါ်မှီခိုအားထား၍စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			၉၂
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လှေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်ပုဂ္ဂလိကပိုင်ထွန်စက်(၁)စီးသာရှိပါသည်။ ကျေးရွာရှိထွန်စက်အား (၁)ဧကလျှင် (၁၈၀၀၀/-)ကျပ်ဖြင့်ငှားရမ်းလုပ်ကိုင်ကြသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်မြေပဲ၊နှမ်း၊ပြောင်းများကိုအဓိကထားစိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးရာတွင် သဘာဝရေမြေရာသီဥတုကိုမှီခိုး၍ စိုက်ပျိုးကြပြီးတစ်ခါတစ်ရံတွင်မိုးရွာသွန်းမှုမညီမျှမှုနှင့်ရင်ဆိုင်ရသည်။သီးနှံစိုက်ပျိုးရန်အတွက်ချေးငွေကိုမြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်၊ Pact Myanmar ၊သမချေးငွေ ၊မြစိမ်းရောင်ချေးငွေတို့မှချေးငွေများရရှိသည်။ မျိုးကောင်းမျိုးသန့်သီးနှံများကိုဝယ်ယူရရှိနိုင်ပြီး လုပ်သားရရှိသော်လည်း ရှားပါးပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီးစိုက်ပျိုးရေးကုမ္ပဏီများမှ လည်းတောင်သူများအတွက်ဝန်ဆောင်မှုများပေးသည်။စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးများကိုတောင်သာမြို့ပေါ်မှာသွားရောက်ဝယ်ယူနိုင်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ရာသီဥတုမမှန်☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐

ရင်းမြစ်(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိတောင်သူအများစုသည်သီးနှံစိုက်ပျိုးရန်အတွက်သဘာဝရေမြေရာသီဥတုကိုမှီခို၍စိုက်ပျိုးကြပြီးတစ်ခါတစ်ရံတွင်မိုးရွာသွန်းမှုမညီမျှမှုနှင့်ရင်ဆိုင်ရသည်။ကျေးရွာရှိ

ယာမြေများမှာမြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပအခြားသယံဇာတများမထွက်ရှိပါ။ချေးငွေ၊သီးနှံမျိုးစေ့များမှာဝန်ဆောင်မှုရရှိသော်လည်းအနည်းငယ်အခက်အခဲများရှိသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆၄	၃၂၇
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၁၄	၂၆၅
သိုး	၅	၁၀၇
ဝက်	၇၇	၁၃၆
ကြက်	၇၅	၆၉၁
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်နွားကောင်ရေ(၃၂၇)ကောင်၊ဆိတ်ကောင်ရေ(၂၆၅)ကောင်၊ သိုးကောင်ရေ(၁၀၇)ကောင်၊ ဝက်ကောင်ရေ(၁၃၆)ကောင်နှင့် ကြက်ကောင်ရေ(၆၉၁)ကောင်ရှိ၍အိမ်များတွင်တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။မွေးမြူရေးသီးသန့်မရှိပါ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ☐ အသင့်အတင့်☑ မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☑မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ချေးငွေအသင့်အတင့်ရနိုင်☑မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☐ မဖြေဆိုပါ☑
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်☐အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ချေးငွေရနိုင်သည်☐ မဖြေဆိုပါ☐
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☐ မဖြေဆိုပါ☐
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☐ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ထုတ်ကုန်များကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ☐
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့်လွယ်ကူသည်☐

အခွင့်အလမ်း	ဖော်ပြချက်/ **ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	မဖြေဆိုပါ☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်လယ်ကန်ကျေးရွာတွင်စားကျက်မြေအသင့်အတင့်ရှိပါသည်။ ထွန်ယက်ရာတွင်နွားရှဉ်းဖြင့်ထွန်ယက်စိုက်ပျိုးကြသည်။ သောက်သုံးရေလုံလောက်စွာရရှိပါသည်။ မွေးမြူရေးနှင့်ထုတ်ကုန်များ ရောင်းဝယ်မှုပြုလုပ်နိုင်ရန်အတွက် မြေနေရာအသင့်အတင့်ရှိပြီး ဝန်ဆောင်မှုနှင့် နည်းပညာများပံ့ပိုးပေးရန်လိုအပ်ပါသည်။ မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်သည့် အတွက်ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများမရှိပါ။

